# ဘဖလိုးအစိုးရကျောင်းများ

# ကျောင်းသား ထောက်ပံ့ရေးဝန်ဆောင်မှုများ ဌာန

## ကလေးများနှင့်လူငယ်များအတွက် အင်တာနက်လုံခြုံရေး

**ကိုယ်ရေးအချက်လက်များ။** မိဘခွင့်ပြုချက်မရပဲ မိမိ၏ကိုယ်ရေးအချက်လက်များကို မပေးပါနှင့်။ မိမိအမည်နောက် စာလုံး အိမ်လိပ်စ ကျောင်းအမည် သို ့မဟုတ် ဖုန်းနံပါတ်များ မမျှဝေပါနှင့်။ တစ်ယောက်ယောက် မိမိအကြောင်းမေးရုံဖြင့် အကုန်ပြောပြရမည်ဟုမဆိုလိုသည်ကို သတိပြုပါ။

**အကောင့်အမည်**။ အကောင့်အမည်များပေးသည့်အခါတွင် မိမိနောက်ဆုံးအမည်သို့ မဟုတ် မွေးသက္ကရာစ်ကဲ့သို့ ကိုယ်ရေး အချက်လက်များမပါပါစေနှင့်။




**လို့ ဝှက်နံပါတ်။** မိမိ မိဘများနှင့်အပ မည်သူနှင့်မျှ မမျှဝေပါနှင့်။ အများသုံးကွန်ပြူတာများကိုအသုံးပြုသည့်အခါတွင် မပြန်ခင် အကောင့် ထဲမှထွက်ရန် သေချာပါစေ။

**ဓါတ်ပုံများ။** မိဘများခွင့်ပြုချက်မပါပဲ ဓါတ်ပုံများ သို့ မဟုတ် ဗီဒီယိုများ ကိုအွန်လိုင်းတွင် မတင်ပါနှင့်။

**အွန်လိုင်းသူငယ်ချင်းများ။** မိဘခွင့်ပြုချက်မပါပဲ အွန်လိုင်းမှ သူငယ်ချင်းများနှင့် တွေ့ ဆုံရန်သဘောမတူပါနှင့်။ တစ်ခါတစ်ရံတွင် လူများသည် သူတို့ မဟုတ်သည့်လူများပုံစံဟန်ဆောင်တတ်ပါသည်။

**အွန်လိုင်းကြော်ညာများ။** မိဘများကိုအရင်ဆုံးအပြောပဲနဲ့ အွန်လိုင်း မှ မည်သည့်အရာမျှမဝယ်ပါနှင့်။ တစ်ချို့ ကြော်ညာများသည် အခမဲ့ပစ္စည်းများပေးမည် သို့ မဟုတ် သင်တစ်ခုခုအနိုင်ရရှိသည် စသည်ကဲ့သို့ ပြောပြီး သင့်ကိုယ်ရေးအချက်လက်များရရှိရန် လိမ်ညာတတ်သည်။

**ဒေါင်းလုတ်ပြုလုပ်ခြင်း။** ဆော့ဖ်ဝဲဒေါင်းလုတ်ပြုလုပ်ခြင်း သို့ မဟုတ် အီးမေးပူးတွဲပါများကို မဖွင့်ခင် မိမိ မိဘများကိုပြောဆိုပါ။ ပူတွဲပါများတွင် တစ်ခါတစ်ရံ ဗိုင်းရပ်စ်များပါနိုင်သည်။ မိမိ မသိသည့်သူဆီမှ အီးမေးပူးတွဲပါများကို မဖွင့်ပါနှင့်။

**အနိုင်ကျင့်ခြင်း။** စော်ကားရန်လိုသည့် မက်ဆေ့ချ်များ မပို့ သို့ မဟုတ်မတုံ့ ပြန်ပါနှင့်။ အကယ်၍ မိမိထိုမက်ဆေ့ချ်မျိုးရရှိခဲ့ပါက မိဘများအားပြောပြပါ။ အကယ်၍အင်တာနက်တွင် မိမိအားအဆင်မပြေဖြစ်စေသည့်အရာမျိုးဖြစ်ခဲ့ပါကလည်း မိမိ မိဘများ သို့ မဟုတ် အုပ်ထိန်းသူများကိုပြောပြပါ။

**မေးခွန်းများ။** အကယ်၍ မိမိဖတ်ခဲ့သည့်အရများတွင် မေးစရာရှိပါက မိမိ မိဘသို့ မဟုတ် အုပ်ထိမ်းသူကို မေးပါ။